# ကလေးအလုပ်သမားခိုင်းစေခြင်းအား
# အတူတကွ တိုက်ဖျက်ကြပါစို့





**လူမှုအသိုင်းအဝိုင်းတိုင်းတွင် ကလေးသူငယ်များသည် တစ်နည်းနည်းဖြင့်အလုပ်လုပ်ကြသည်။**

ကလေးများသည် အိမ်နှင့်မိသားစုများကို ကြည့်ရှုစောင့်ရှောက်ရန်အတွက် ၎င်းတို့၏ မိဘများကို ကူညီကြသည်။
ဆယ်ကျော်သက်များသည် ကျောင်းမသွားမီ သို့မဟုတ် ကျောင်းအပြန်၊ အားလပ်ရက်များတွင် နာရီအနည်းငယ်အလုပ်လုပ်ကြသည်။

ကောင်းမွန်သည့်အကျိုးကျေးဇူးရရှိသော ဤအလုပ်အမျိုးအစားကို ကလေးငယ်များ၏ အခြေခံကျသော ဖွံ့ဖြိုးတိုးတက်မှုအပိုင်းတစ်ခု အနေဖြင့်မှတ်ယူပါသည်။

# အဓိပ္ပါယ်ဖွင့်ဆိုချက်

ကလေးသူငယ်အလုပ်သမားဟူသည် ၎င်းတို့၏ကလေးဘဝ၊ ၎င်းတို့၏စွမ်းရည်နှင့် ၎င်းတို့၏ ဂုဏ်သိက္ခာကို ပိတ်ပင်သည့်အလုပ်ကိုရည်ညွှန်းပြီး ၎င်းတို့၏ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ထိခိုက်နစ်နာစေပါသည်။ ယင်းသည် -



- ကလေးငယ်များ၏စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာ သို့မဟုတ် ကိုယ်ကျင့်တရားပိုင်းဆိုင်ရာတို့ကို အန္တရာယ်ဖြစ်စေပြီး ထိခိုက်နစ်နာစေသည့် အလုပ်များကို ရည်ညွှန်းသည်။
- ဖော်ပြပါအကြောင်းအရာများသည် ၎င်းတို့၏ကျောင်းပညာရေးကို အောက်ပါအတိုင်း အနှောင့် အယှက်ဖြစ်စေပါသည်။
  - ကျောင်းတက်ရန်အခွင့်အရေးကို ပိတ်ပင်တားဆီးခြင်း၊
  - အချိန်မတန်မီ ကျောင်းထွက်ရခြင်း၊
  - ကျောင်းတက်ခြင်းနှင့် အတူပြင်းထန်သောအလုပ်ကို အချိန်ကြာမြင့်စွာ ကြိုးစားလုပ်ဆောင်ရခြင်း၊

# ဥပဒေရေးဆွဲခြင်း - မြန်မာ

မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားများအတွက် သီးသန့်ဥပဒေမရှိပါ။ ကလေးအလုပ်သမားနှင့် တိုက်ရိုက်ဆက်နွယ်နေသည့် အဓိကဥပဒေများမှာ ၂၀၁၆ ခုနှစ် ဆိုင်များနှင့်အလုပ်ဌာနများ ဥပဒေ၊ ၁၉၅၁ခုနှစ် အလုပ်ရုံများအက်ဥပဒေ၊ ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေ နှင့် ၂၀၁၄ ခုနှစ် ပညာရေးဥပဒေ တို့ဖြစ်ပါသည်။




ဆိုင်များနှင့်အလုပ်ဌာနများဥပဒေနှင့် အလုပ်ရုံများအက်ဥပဒေများသည် အသက်၁၄ နှစ်အောက် ကလေးငယ်များအလုပ်လုပ်ခြင်းကို တားမြစ်ထားသော်လည်း စိုက်ပျိုးရေးကဏ္ဍနှင့် ပုံစံတကျဖွဲ့စည်း ထားခြင်း မဟုတ်သည့်စီးပွားရေးလုပ်ငန်းများတွင် အလုပ်လုပ်နေသော ကလေးငယ်များအတွက် အကျုံးမဝင်ပါ။ ထိုကဏ္ဍများ၌ ကလေးအလုပ်သမားအများစုရှိသည်ဟု ယုံကြည်ကြသည်။

အထက်ဖော်ပြပါ ဥပဒေနှစ်ရပ်လုံးသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့က ကလေး အလုပ်သမားများအတွက် သတ်မှတ်ထားသည့် အခြေခံကျသောပြဋ္ဌာန်းချက် အမှတ်-၁၃၈ ဖြစ် သည့် အငယ်ဆုံးအသက်အရွယ်ဆိုင်ရာ အခြေခံသဘောတရားများကို လိုက်နာမှုမရှိပါ။ **အလုပ်လုပ်ရန် အငယ်ဆုံးအသက်အရွယ်သည် မသင်မနေရကျောင်းပညာရေး အသက်ထက် မငယ်ရပါ။ မည်သည့် ကိစ္စတွင်မဆို ILO ပြဋ္ဌာန်းချက် အမှတ်- ၁၃၈၊ အသက်၁၄နှစ် အောက် မငယ်ရပါ။** ဥပဒေများအား လေးစားလိုက်နာရေးကိုရှေးရှုလျှက် အစိုးရသည် ၁၉၉၃ခုနှစ် ကလေးသူငယ် ဥပဒေကို ပြင်ဆင်လျက်ရှိပြီး ၁၉၅၁ခုနှစ် အလုပ်ရုံများအက်ဥပဒေနှင့် ၂၀၁၆ခုနှစ် ဆိုင်များနှင့် အလုပ်ဌာနများဥပဒေများတွင် ကလေးအလုပ်သမား အလုပ်လုပ်ရန်အတွက် အနိမ့်ဆုံး ရှိရမည့် အသက်ကို (၁၄)နှစ်ဟု ပြင်ဆင်ပြဋ္ဌာန်းပြီး ဖြစ်ပါသည်။

# မြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များ




မြန်မာနိုင်ငံသည် ၂၀၁၃ခုနှစ် ဒီဇင်ဘာလတွင် အိုင်အယ်လ်အိုပြဋ္ဌာန်းချက် အမှတ်-၁၈၂ ဖြစ်သော အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်းအား အတည်ပြုလက်မှတ်ရေးထိုးလိုက်ပြီး နောက် ထိုပြဋ္ဌာန်းချက်၏ အပိုဒ်-၃ တွင်ဖော်ပြထားသည့်အတိုင်း အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမား ခိုင်းစေခြင်းအားပပျောက်စေရေးကို ချက်ချင်းအရေးယူဆောင်ရွက်ရမည့် ဦးစားပေးဖြစ် သတ်မှတ်ထားပါသည်။

**က** လက်နက်ကိုင်ပဋိပက္ခများတွင် အသုံးပြုရန် ကလေးစစ်သားအဖြစ် အဓမ္မ (သို့) မဖြစ်မနေ စုဆောင်းခြင်းအပါအဝင် ကလေးသူငယ်များအား ရောင်းစားခြင်း၊ ကလေးသူငယ်များအား လူကုန်ကူးခြင်း၊ အကြွေးနှောင်တည်း ကျွန်ပြုခိုင်းစေခြင်း၊ ကျွန်ကဲ့သို့ အဓမ္မ(သို့) အတင်းအကျပ်ခိုင်းစေခြင်း ကဲ့သို့သော ကျွန်ဘဝအသွင်သဏ္ဍာန်များ အားလုံး (သို့) အလားတူ ပြုမူလုပ်ဆောင်မှုများ၊

**ခ** လိင်မှုဆိုင်ရာညစ်ညမ်းစာအုပ်၊ ညစ်ညမ်းရုပ်ရှင်ကားများ ထုတ်လုပ်ခြင်း (သို့) လိင်မှုဆိုင်ရာ တင်ဆက်မှုများအတွက် ပြည့်တန်ဆာလုပ်ငန်းတွင် ကလေးသူငယ်ကို အသုံးပြုခြင်း (သို့) ခိုင်းစေခြင်း၊

**ဂ** တရားဥပဒေနှင့် ဆန့်ကျင်သည့် လုပ်ဆောင်မှုများတွင် ကလေးသူငယ်အား အသုံးပြုခြင်း (သို့) လုပ်ဆောင်ခိုင်းခြင်း၊ အထူးသဖြင့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များတွင် ပြဋ္ဌာန်း ထားသည့် မူးယစ်ဆေးဝါးများ ထုတ်လုပ်ခြင်း၊ မူးယစ်ဆေးဝါးကုန်ကူးခြင်းများတွင် ခိုင်းစေခြင်း၊

**ဃ** ကလေးသူငယ်များ၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး (သို့) ကိုယ်ကျင့်တရားဆိုင်ရာများကို ထိခိုက်ပျက်စီးစေသည့် သဘောသဘာဝ (သို့) အခြေအနေများရှိသည့် အလုပ်အကိုင် စသည်တို့ဖြစ်သည်။

အိုင်အယ်လ်အို၏ပြဋ္ဌာန်းချက် အမှတ်-၁၈၂ အားအတည်ပြုလက်မှတ်ရေးထိုးခြင်းအားဖြင့် မြန်မာနိုင်ငံသည် အသက် (၁၈)နှစ်အောက်ကလေးများအားလုံးအတွက် တားမြစ်ထားသော အန္တရာယ်ရှိသည့်လုပ်ငန်းခွင်စာရင်းအား ဖော်ထုတ်ရန်နှင့်ထုတ်ဝေရန်လိုအပ်သည်။ အိုင်အယ်လ်အို ထောက်ခံချက် အမှတ်-၁၉၀ သည်အောက်ပါလုပ်ဆောင်ချက်များအား အန္တရာယ်ရှိသည့် လုပ်ငန်းခွင်စာရင်း တွင် ထည့်သွင်းရန်အတွက်ထောက်ခံထားပါသည်။

၁. ကလေးသူငယ်များအား ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ အလွဲသုံးမှုအတွက် အကာအကွယ်မဲ့စေမည့် အလုပ်အကိုင်၊

၂. မြေအောက်၊ ရေအောက်၊ အန္တရာယ်ရှိသောမြင့်မားသည့်နေရာများ (သို့) ပိတ်လှောင်ထားသောနေရာများတွင် လုပ်ကိုင်နေရသောအလုပ်များ၊

၃. အန္တရာယ်ရှိသော စက်ယန္တရားများ၊ ပစ္စည်းကိရိယာများနှင့်လုပ်ကိုင်နေရသောအလုပ်များ (သို့) လေးလံသောကုန်ပစ္စည်းများအား ကိုယ်တိုင်သယ်ဆောင်ရသည့်အလုပ်များ၊

၄. ကျန်းမာရေးနှင့် မညီညွတ်သည့်နေရာများတွင် လုပ်ကိုင်ရသည့် အလုပ်အကိုင်များ ဥပမာ ကလေးသူငယ်များ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သော တုန်ခါမှုများ၊ မြင့်မားသော အပူချိန် နှင့် ဆူညံသံများ (သို့) ဘေးဥပါဒ် အန္တရာယ်သင့်စေနိုင်သည့် အရာဝတ္ထုပစ္စည်းများ (သို့) လုပ်ငန်း အဆင့်ဆင့်၊

၅. အချိန်ကြာမြင့်စွာ လုပ်ကိုင်ရခြင်း (သို့) ညဥ့်ကာလအတွင်း လုပ်ကိုင်ရခြင်း(သို့) အလုပ်ရှင်၏ အဆောက်အဦ ဥပစာအတွင်း ကလေးသူငယ်များအား ကြောင်းကျိုးမဆီလျော် ချုပ်နှောင်ခိုင်းစေခြင်းစသည့် အထူးတလည် ခက်ခဲသည့် အခြေအနေများတွင် လုပ်ကိုင်ရသည့် အလုပ်အကိုင်၊





- ၁၉၉၁ ခုနှစ်တွင် မြန်မာနိုင်ငံသည် ကုလသမဂ္ဂ ကလေးသူငယ်များအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ကို အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်။ ထိုစာချုပ်၏ အပိုဒ်-၃၂ တွင် ဖော်ပြထားသည်မှာ - စီးပွားရေးအမြတ်ထုတ်မှုနှင့် ဘေးအန္တရာယ်ကျရောက်နိုင်ခြေရှိသော အလုပ်များ သို့မဟုတ် ကလေးများ၏ပညာရေးကို အနှောင့်အယှက် ဖြစ်စေသောအလုပ်များမှ၊ သို့မဟုတ် ကလေးများ၏ ကျန်းမာရေး (သို့) ရုပ်ပိုင်းဆိုင်ရာ၊ ဉာဏ်ရည်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ စာရိတ္တပိုင်းဆိုင်ရာ (သို့) လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို ထိခိုက်နစ်စေခြင်းမှ ကာကွယ် ပေးမှုရယူရန် ကလေးအခွင့်အရေးရှိသည်ကို စာချုပ်တွင် လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင် နိုင်ငံများက အသိအမှတ်ပြုရမည်။

- အိုင်အယ်လ်အိုပြဋ္ဌာန်းချက် အမှတ်- ၁၃၈ ဖြစ်သော အလုပ်ခွင်ဝင်ရောက်လုပ်ကိုင်နိုင်သည့် အငယ်ဆုံးအသက်အရွယ်ကို မြန်မာနိုင်ငံအနေဖြင့် အတည်ပြုရေးထိုးခြင်း မပြုလုပ်ရသေးသော်လည်း အလုပ်ခွင်ဝင်ရန် အငယ်ဆုံးအသက်သည် မသင်မနေရပညာရေး ပြီးဆုံးသည့် အသက်အရွယ်ဖြစ်သော အသက်(၁၅)နှစ်အောက် မငယ်သင့်ပေ။ သို့သော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများအတွက်မူ အလုပ်ခွင်ဝင်နိုင်သည့် တရားဝင် အငယ်ဆုံးအသက်ကို (၁၄)နှစ် အဖြစ် ခွင်းချက်ထားရှိသည်။ ပြဋ္ဌာန်းချက်အမှတ် ၁၈၂ နှင့် ၁၃၈ သည် အိုင်အယ်လ်အို၏ အုပ်ချုပ်မှုအဖွဲ့က အခြေခံကျသော သတ်မှတ်ထားသည့် ပြဋ္ဌာန်းချက် (၈)ခု၏ အစိတ်အပိုင်းဖြစ်သည်။

# ကလေးအလုပ်သမားဖြစ်ရသော အကြောင်းအရင်းများ

ကလေးအလုပ်သမားဖြစ်ရသော အကြောင်းအရင်းများစွာရှိပြီး နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ စီးပွားရေး ကဏ္ဍတစ်ခုနှင့်တစ်ခု ကွဲပြားမှုများရှိသည်။ သို့သော်လည်း အချို့ တွေ့နေကျဖြစ်သောအဓိက အကြောင်းအရင်းများကို အောက်ပါအတိုင်း ခွဲခြားသတ်မှတ်နိုင်သည်။




- **ဆင်းရဲမွဲတေမှုသည်** ကလေးအလုပ်သမားဖြစ်ရသော အချက်တစ်ချက်ဖြစ်သည်။ ဆင်းရဲသော မိသားစုများအနေဖြင့် ဝင်ငွေမလုံလောက်ခြင်း၊ သင့်တင့်ကောင်းမွန်သော အလုပ်အကိုင် အခွင့်အလမ်းများ မရရှိခြင်းတို့ကြောင့် ၄င်းတို့၏ကလေးများအား အလုပ်သို့ ပို့ဆောင်ခြင်း (သို့) မိသားစုလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်စေခြင်းများ ရှိလာကြသည်။

- ကလေးအလုပ်သမားအသုံးပြုခြင်းသည် ယခင်ကတည်းက ရှိနေခဲ့ခြင်းကြောင့် ယင်းကို **လက်ခံနိုင်သည့်အလေ့အထ** အဖြစ်မြင်နေကြသည်။ ထိုသို့မြင်၍မရပါ။ ထိုသို့သော ပတ်ဝန်းကျင်များတွင် မိသားစုအနေဖြင့် ကလေးအလုပ်သမားမှ ရရှိသော လုပ်ခလစာဝင်ငွေများအား ပျော်ရွှင်စွာ လက်ခံရရှိသုံးစွဲနေကြပြီး အလုပ်ရှင်အနေဖြင့်လည်း ၄င်းတို့သည် ကလေးများအား

လူမှုရေးအရ ထောက်ပံ့နေသည် ဟုမြင်ကြသည်။ လိုအပ်သည့် အရာမှာ စီးပွားရေး နှင့် လူမှု ပတ်ဝန်းကျင်ကောင်းများ ရှိဖို့ဖြစ်သည်။

- အလုပ်လုပ်နေသော ကလေးငယ်များသည် **စျေးသက်သာသော အလုပ်သမားအင်အား အထောက်အပံ့** တစ်ခုကဲ့သို့ဖြစ်နေသည်။ အချို့နေရာများတွင် ကလေးအလုပ်သမားကို သိသာ ထင်ရှားစွာ ရရှိနိုင်ခြင်းသည် လူကြီးများအတွက် သင့်လျော်ကောင်းမွန်သော အလုပ် အကိုင် ရရှိရန် အခြေအနေကို လျော့ပါးသွားစေသည်။ ဥပမာ - လုပ်ခလစာကို နည်းပါးစွာ ပေးခြင်း၊ မိသားစုများ၏စီးပွားရေး လိုအပ်ချက်များ ပြည့်မီစေရန် ပို၍ခက်ခဲအောင် လုပ် ထားခြင်း တို့ဖြစ်သည်။



- **သမားရိုးကျမဟုတ်သော အလုပ်သည်** စည်းမျဉ်းစည်းကမ်းများနှင့် စစ်ဆေးခြင်းများမရှိ သောကြောင့် ကလေးအလုပ်သမားများတိုးပွားလာစေရန်အတွက် အားပေးအားမြှောက် ဖြစ် စေသည်။

- **အရည်အသွေးပြည့်မီသော ပညာရေးမရှိခြင်းသည်** ကလေးအလုပ်သမားများအား ဆင်းရဲမှု သံသရာစက်ဝန်းမှ လွတ်မြောက်စေရန်အတွက် အကန့်အသတ်ဖြစ်စေပါသည်။ ကလေးအ လုပ်သမားများတွင် ပညာရေးဆိုင်ရာ ကွာဟချက်သည် လူကြီးဘဝရောက်သည့်တိုင်အောင် စာရေးစာဖတ်နိုင်သည့် အဆင့်နိမ့်ကျခြင်းနှင့် အသက်မွေးကျောင်းဆိုင်ရာ အရည်အချင်းများ



နိမ့်ကျနေခြင်းများဖြစ်ပေါ်စေပြီး ၎င်းတို့အတွက် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများမှ သွေဖယ်သွားခြင်းနှင့် ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်အောင် မလုပ်ဆောင်နိုင်ခြင်းများ ဖြစ်ပေါ်စေနိုင်သည်။

- **ကျား|မ ဆိုင်ရာနှင့် လူမှုစီးပွားရေးအဆင့်အတန်းနှင့်စပ်လျဉ်းသည့် ခွဲခြားဆက်ဆံမှုအား** ကလေးအလုပ်သမားများဖြစ်ပေါ်စေသော အဓိကအကြောင်းအရင်းများထဲတွင် တစ်ခုအနေဖြင့် သတ်မှတ်ပါသည်။

- **လက်နက်ကိုင်ပဋိပက္ခများသည်** ကလေးအလုပ်သမားဖြစ်ရခြင်း၏ အခြားအရေးကြီးသော အကြောင်းအရာတစ်ခုဖြစ်သည်။ ကလေးများသည် ပို၍ထိခိုက်လွယ်ပြီး ကလေးစစ်သားများအဖြစ် စုဆောင်းခံရခြင်း (သို့) စစ်ဘက်ဆိုင်ရာစစ်ဆင်ရေးများတွင် အသုံးပြုခြင်းခံနေကြရပါသည်။

# ကလေးသူငယ်များသည်
# လူကြီးအသေးစားလေးများ မဟုတ်ကြပါ



# ကလေးအလုပ်သမားများ အသုံးပြုခြင်းသည် လျော်ကန်သင့်မြတ်မှုမရှိပါ။

ကလေးအလုပ်သမားအသုံးပြုခြင်းအား ဥပဒေအားဖြင့် တားမြစ်ကန့်သတ်နိုင်သော်လည်း အချို့သောသူများသည် ကလေးအလုပ်သမားများ အသုံးပြုရန် လိုအပ်ချက်များကို ဖော်ထုတ်ပြသလေ့ရှိသည်။ အောက်ပါလျှောက်လဲချက်များသည် ကလေးအလုပ်သမား အသုံးပြုရန်အတွက် မကြာခဏ အသုံးပြုလေ့ရှိသည့် အကြောင်းအရာများဖြစ်ပြီး ၄င်းတို့ကို ပြန်လည်ချေပနိုင်ပါသည်။



| အမှား | အမှန် |
|---|---|
| ဆင်းရဲသောကလေးများနှင့်လူငယ် များသည် ၎င်းတို့၏ မိသားစု ရှင်သန်ရန်အတွက် အလုပ်လုပ်ပြီး ကူညီသင့်သည်။ | မိသားစု၏တာဝန်သည် သူတို့၏ကလေးများအား ကူညီရန်ဖြစ်ပြီး ဆန့်ကျင် ဘက်မဖြစ်ရန် လိုအပ်သည်။ အကယ်၍ မိသားစုအနေဖြင့် ၎င်းတို့၏ တာဝန်ဝတ္တရားများအား ပြည့်စုံအောင် မလုပ်နိုင်ပါက ကလေးများအနေဖြင့် မကူညီသင့်ပဲ နိုင်ငံတော်က သာလျှင် ကူညီပေးသင့်သည်။ |
| အလုပ်လုပ်နေသော ကလေးများသည် ပိုမိုစွမ်းဆောင်နိုင်သောသူများ ဖြစ်လာနိုင်ပြီး လူကြီးဘဝအတွက် အတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှု များကိုလည်း ရရှိနိုင်သည်။ | ငယ်စဉ်အရွယ်ကစ၍ အလုပ်လုပ်ကိုင်ခြင်းသည် ဘဝတွင် အောင်မြင်မှု ရရှိရန်အတွက် လိုအပ်သော အဆင့်တစ်ခုမဟုတ်ပါ။ ထိုသို့ပြုလုပ်ခြင်းသည် မည်သည့်အရည်အချင်းကိုမျှ အထောက်အပံ့မပေးဘဲ လူမှုဘဝတိုးတက် ဖွံ့ဖြိုးရန်အတွက်လည်း အကျိုးမဲ့စေနိုင်သည်။ |
| အလုပ်သမားဖြစ်ခြင်းသည် ကလေး များအား ဂုဏ်တက်စေသည်။ ခိုးဝှက်ခြင်းထက် စာလျှင် အလုပ်လုပ် ခြင်းကပို၍ ကောင်းမွန်သည်။ | ထိုမှန်ကန်ကြောင်းထောက်ပြခြင်းသည် ယေဘုယျအားဖြင့် ဆင်းရဲသော ကလေးငယ်များ နှင့်လူငယ်များအတွက် ငြင်းခုံမှုများအဖြစ် စိတ်နေ သဘောထားဖော်ပြမှု တစ်ခုဖြစ်သည်။ အလုပ်ဟူသည် ဤလူထုက အကာအကွယ်မဲ့ ကြုံတွေ့ခံစား နေကြရသည့် လူမှုရေးနှင့် ကိုယ်ကျင့်တရား ဆိုင်ရာ ကစဉ့်ကလျားဖြစ်မှုကို ဆန့်ကျင်တိုက်ဖျက်သည့် ဖြေရှင်းချက်တစ်ခုဖြစ်သည်။ အမှန်တရားအနေဖြင့် ကလေးအလုပ်သမားသည် ချမ်းသာကြွယ်ဝသောမိသားစုများမှ ကလေးငယ်များ နှင့်နှိုင်းယှဉ်ရာတွင် ပစ္စည်းဥစ္စာ နည်းပါးသော မိသားစုများမှ ကလေးငယ်များအား ဘေးဖယ်ထားကာ လူရာမသွင်းသည့် အနေအထားကို ဖြစ်ပေါ်စေသည်။ |
| အလုပ်သည် ပညာရေးအတွက် ကောင်းမွန်သော အစားထိုးသည့် အရာဖြစ်သည်။ | ထိုမှန်ကန်ကြောင်းထောက်ပြခြင်းသည် ရိုးရှင်းသော်လည်း ကျိုးကြောင်း မညီညွတ်ပါ။ အလုပ်လုပ်ခြင်းသည် ပညာရေး အတွက် ပြီးပြည့်စုံသည့် အခြားရွေးချယ်စရာမဟုတ်ပါ။ ထိုရည်ညွှန်းပြောဆိုချက်သည် စာသင်ရန် အခက်အခဲရှိသော ကလေးများအတွက် သုံးလေ့ရှိသည်။ ထိုကဲ့သို့သော ကိစ္စများတွင် စာသင်ကျောင်းအနေဖြင့် ကျောင်းသားအားလုံးကို ခွဲခြား ဆက်ဆံခြင်းမရှိဘဲ ဗဟုသုတများရရှိရန် သေချာစွာပြုလုပ်ပေးသင့်သည်။ |
| ကလေးလုပ်သားများသည် လူမှုရေး ပေါင်းစည်းမှုများကို တိုးတက် ကောင်းမွန်စေသည်။ | ကလေးအလုပ်သမားဖြစ်ခြင်းသည် ချန်လှပ်ထားသောအရာ ၃ခုဖြစ်ပေါ် စေသည်။<br>၁) ကလေးဘဝတွင် ကစားခြင်း၊ လေ့လာမှု၊ သင်ယူရမည့် အခွင့်အရေး ဆုံးရှုံးသည်။<br>၂) လူကြီးဘဝတွင်ကျွမ်းကျင်ပိုင်နိုင်သောအရည်အချင်းများမရှိခြင်းကြောင့် အလုပ်အကိုင် အခွင့်အလမ်းများ ဆုံးရှုံးနိုင်သည်။<br>၃) အသက်ကြီးလာသောအခါတွင်လည်း အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများ မရှိခြင်းကြောင့် ချန်လှပ်ခံထားရသည်။ |

# ကလေးအလုပ်သမား ခိုင်းစေခြင်းအား ဆန့်ကျင်သည့် ဆေးပညာရပ်ဆိုင်ရာ အကြောင်းပြချက် (၁၀) ချက်





၁

ကလေးသူငယ်များတွင် ၄င်းတို့၏အရိုးများနှင့် ကြွက်သား များ သည်ပြည့်စုံစွာ မဖွံ့ဖြိုးသေးပါ။
အန္တရာယ်များသော အလုပ်အကိုင် အခြေအနေများကြောင့် ကလေးများအနေဖြင့် အရိုးများပုံပန်းမကျ ချို့ယွင်းခြင်း၊ ကြွက်သားများ ဒဏ်ဖြစ်ခြင်း၊ ကြီးထွားမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုတွင် ပုံသဏ္ဍာန် မမှန်ခြင်းများ ဖြစ်ပေါ်နိုင်သည်။


၂



ကလေးသူငယ်များအတွက် အဆုတ်နှင့်ဆိုင်သော လေဝင်လေထွက်ပြုလုပ်ခြင်း (လေရှူသွင်းခြင်းနှင့် ရှူထုတ်ခြင်းများ) လျော့နည်းလာနိုင်သည်။ ထို့ကြောင့်ကလေးသူငယ်များတွင် အဆိပ်အတောက်ဖြစ်စေသာ အရာများအား ရှူသွင်း နေရသောကြောင့် အသက်ရှူနှုန်းများ မြင့်တက်လာနိုင်ပြီး လူကြီးများထက် ပိုမို၍ထိခိုက်စေနိုင်သည်။ အသက်ဆုံးရှုံးသည် အထိလည်း ဖြစ်စေနိုင်သည်။

## ၃

အလားတူရလဒ်များအတွက် ကလေးများ အနေဖြင့် လူကြီးများထက် နှလုံးခုန်နှုန်းများ ပိုမိုမြင့်မားလာသည်။ (၎င်းတို့၏နှလုံးသည် သွေးပို့လွှတ်ရန်အတွက် ပိုမိုမြန်ဆန်စွာ ခုန်နေရသည်။) ထို့ကြောင့် ကလေးများအနေဖြင့် လူကြီးများနှင့် အတူ တူညီသော လုပ်ငန်းတစ်ခုကို လုပ်ဆောင်ရာတွင် ပိုမို၍ပင်ပန်း လွယ်လာသည်။





## ၄

ကလေးများအနေဖြင့် အလုပ်၏ဖိစီးမှုများနှင့် ကြုံလာသောအခါများတွင် ခေါင်းကိုက်ခြင်း၊ အိပ်မပျော်ခြင်း၊ မူးဝေခြင်း၊ အာရုံစူးစိုက်ခြင်းနှင့် မှတ်ဉာဏ်များတွင် ပြဿနာများ ပေါ်လာခြင်း၊ နှလုံးခုန်မှုမမှန်ခြင်း၊ ပညာသင်ကြားမှုဆိုင်ရာ စွမ်းရည်များလည်း တဖြည်းဖြည်းချင်း ကျဆင်းလာခြင်း အစရှိသည့် ရောဂါလက္ခဏာများစွာ ဖြစ်ပေါ်လာနိုင်သည်။ ထိုသို့ဖြစ်ပေါ် လာရခြင်းမှာ ၎င်းတို့၏ အာရုံကြောစနစ်များ ကောင်းစွာ မဖွံ့ဖြိုးသောကြောင့် ဖြစ်သည်။ ထိုဖိအားများ ကြောင့် စိတ်ပိုင်းဆိုင်ရာ ပြဿနာများဖြစ်သော ကိုယ်ပိုင်ယုံကြည်ချက် ပျောက်ဆုံးခြင်း၊ ဝမ်းနည်းပူဆွေးခြင်းနှင့် ကြောက်ရွံ့မှုများ ဖြစ်ပေါ်နိုင်သည်။



၅

လုပ်ငန်းဆောင်တာများအား အများအပြားဆောင်ရွက်ရသောအခါ ကလေးများ၏ ကိုယ်ခန္ဓာသည် လူကြီး များထက် အပူပိုမိုထုတ် ရသောကြောင့် ချွေးထွက်များခြင်း၊ ရေဓာတ်ကုန်ခမ်း ခြင်းနှင့် ပင်ပန်းနွမ်းနယ်မှုများ အမြင့်ဆုံးသို့ ရောက်ရှိခြင်းများ ဖြစ်ပေါ် နိုင်သည်။

၆



ကလေးများသည် လူကြီးများထက် ပိုမိုနူးညံ့သော အရေပြားရှိခြင်းကြောင့် ရုပ်ပိုင်းဆိုင်ရာ၊ စက်ပစ္စည်း ဆိုင်ရာ၊ ဓာတုပစ္စည်းနှင့် ဇီဝဆိုင်ရာ ပစ္စည်းများ နှင့် ထိတွေ့သောအခါများတွင် အကျိုးဆက်အနေဖြင့် ပို၍ ထိခိုက်လွယ်သည်။

## ၉

အဆိပ်အတောက်ရှိသော အရာဝတ္ထုပစ္စည်းများမှ အငွေ့များစုပ်ယူခြင်းဖြင့် ကလေးများ၏ဖွံ့ဖြိုး ကြီးထွားမှုအပိုင်းဖြစ်သော အသည်း၊ သရက်ရွက်၊ ကျောက်ကပ်၊ အူနှင့် အစာအိမ် စသည်တို့ကို ပြင်းထန်သော ညစ်ညမ်းမှု ဖြစ်စေပါသည်။



## ၈

ကလေးများသည် လူကြီးများနှင့် နှိုင်းယှဉ်ပါက အမြင်အာရုံ ပို၍ကျဉ်းမြောင်းသည်။ ၄င်းတို့၏ ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေ သည်များကို သိရှိထားမှု အားနည်းကြသည်။ အဘယ့်ကြောင့်ဆိုသော် လုပ်ငန်းသုံး ပစ္စည်းများနှင့် အကာအကွယ်ပစ္စည်း များသည် ငယ်ရွယ်သောကလေး များအတွက် မသင့်တော်ပေ။ ထိုသို့သောကလေးများသည် လုပ်ငန်းခွင်တွင် ပို၍ထိခိုက်ဒဏ်ရာရ လွယ်တတ်သည်။





၉

ကလေးများသည် လူကြီးများထက် အကြားအာရုံ ထိခိုက်လွယ်မှု ပိုမိုမြင့်မား သည်သည်။ ၄င်းသည် ပြင်းထန်မှုနှင့် အတူလျင်မြန်စွာ အကြားအာရုံ ဆုံးရှုံး နိုင်သည်။


၁၀



အန္တရာယ်ရှိပြီး ထိခိုက်လွယ် သော အလုပ်များသည် လူကြီး အလုပ်သမား များကို ထိခိုက်စေသည့် အပြင် ကလေးအလုပ်သမားများ ဆိုလျှင်ပင် ပို၍ထိခိုက် နိုင်ပါသည်။ ကလေးများ အလုပ်လုပ်ရင်း ထိခိုက်မိပါ ကခါးဆစ် ကျောရိုးကို ဒဏ်ဖြစ်ရုံ သာမက မသန်မစွမ်း ဖြစ်သွားနိုင်ပြီး ကလေးများ ဖွံ့ဖြိုးတိုးတက်မှု အပေါ် အကြီးအကျယ် အကျိုးသက်ရောက်မှု ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ပြင် အနာဂတ်တွင် သင့်လျော်ကောင်းမွန်သော အလုပ် လုပ်ကိုင်နိုင်မှုကို ကန့်သတ်ရာရောက်စေပါသည်။

# ဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတား

ကလေးအလုပ်သမားအရေးသည် ဆင်းရဲနွမ်းပါးမှု၏ လက္ခဏာရပ်များအနက်မှ တစ်ခုဖြစ်သည်။ ၎င်းသည်မြန်မာနိုင်ငံလူ့ဘောင်အဖွဲ့အစည်းကိုဆင်းရဲတွင်းနက်စေသောအချက်ဖြစ်သည်။ကလေး အလုပ်သမားသည် လူတစ်ဦးတစ်ယောက်၏ ကုန်ကျစရိတ် အလွန်မြင့်မားစေလျက် ကလေးများ သာမက ပြည်သူလူထုတစ်ရပ်လုံးအတွက် ဆင်းရဲနွမ်းပါးမှုလျော့ချရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုး တက်ရေး တို့ကို အဟန့်အတားဖြစ်စေပါသည်။ ကလေးအလုပ်သမား ဖြစ်နေသူတိုင်း အကျိုး ရှိသော အလုပ်အကိုင်ကို အောင်အောင်မြင်မြင်ကူးပြောင်းလုပ်ကိုင်ဖို့ရန် တခြားသူများထက် အခွင့်အရေး လျော့နည်း ပေသည်။ ကလေးအလုပ်သမား၏ အပြုသဘောမဆောင်သော အကျိုး ဆက် ဂယက်ရိုက်မှု ပိုမို ကျယ်ပြန့်လာခြင်းပင်ဖြစ်သည်။ ကလေးအလုပ်သမားကြောင့် ပညာမတတ် သောကလေးများနှင့် ကျွမ်းကျင်မှုနည်းသော အလုပ်သမားအင်အားများ ဖြစ်ပေါ်လာစေပြီး နိုင်ငံ ၏စွမ်းဆောင်ရည် ယှဉ်ပြိုင်မှုအပေါ် အကျိုးသက်ရောက်စေသည်။




# ဒီမိုကရေစီစနစ်ကို ခြိမ်းခြောက်မှု




ကလေးအလုပ်သမားများအတွက် ခိုင်လုံသောအစီအစဉ်များဖြစ်သည့် အရည်အသွေးပြည့်မီသော ပညာရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေးစသည့် အားလုံးကို ခွဲခြားဆက်ဆံခြင်းမရှိဘဲ အာမခံသည့် သင့်တော်သော တရားဥပဒေရေးရာ မူဘောင်တစ်ခု လိုအပ်ပါသည်။ အစိုးရနှင့်အခြား အဓိကပူးပေါင်းပါဝင်သူများမှ ယင်းကိစ္စရပ်များပေါ်တွင် ခိုင်မာသော ကတိ ကဝတ်မရှိပါက ကလေးအလုပ်သမားအရေးသည် ဒီမိုကရေစီစနစ်နှင့် ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်းစဉ်ကို အခက်အခဲဖြစ်စေသည့် အရိပ်လက္ခဏာတစ်ခုဖြစ်လာနိုင်သည်။

# အပြန်အလှန်ဆွေးနွေးပြောဆိုမှုကို အားကောင်းစေခြင်း

အပြန်အလှန်ဆွေးနွေးပြောဆိုမှု၏ အဓိကပန်းတိုင်မှာ အလုပ်ဝန်းကျင်တစ်ခွင်တွင် အဓိကပါဝင်ပတ်သက်သူများထဲမှာ ဒီမိုကရေစီဝါဒကိုခံယူပြီး အများသဘောတူညီမှုတည်ဆောက်ခြင်း တိုးမြှင့်ရန်ဖြစ်သည်။ အစိုးရ၊ အလုပ်သမားများ၊ အလုပ်ရှင်အဖွဲ့အစည်းများနှင့် လူထုအခြေပြု အဖွဲ့အစည်း များသည် အပြန်အလှန်ဆွေးနွေးပြောဆိုမှုကိုအားကောင်းရန် အထူးသဖြင့် ကလေးအလုပ်သမား ဆိုင်ရာ နည်းပညာရပ် လုပ်ငန်းအဖွဲ့မှတဆင့် ဆက်လက်လုပ်ဆောင်ရမည်ဖြစ်သည်။ ၄င်းနည်းပညာ ရပ် လုပ်ငန်းအဖွဲ့မှတဆင့် အသက် (၁၈) နှစ်အောက်ကလေးများအားလုံးအတွက် တားမြစ်ထားသော ဘေးအန္တရာယ်ရှိသည့် လုပ်ငန်းခွင်စာရင်းပုံနှိပ်ထုတ်ဝေခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအပြင် ကလေး အလုပ်သမားဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှု အမျိုးသားလှုပ်ရှားမှုအစီအစဉ် တိုးတက်ခြင်းပေါ် ဦးတည် လုပ်ဆောင်ရလိမ့်မည်ဖြစ်သည်။




# ဘက်ပေါင်းစုံမှ ပါဝင်ပတ်သက်သူများ၏ တုံ့ပြန်မှု

ကလေးအလုပ်သမားတိုက်ဖျက်ရာတွင် ပါဝင်ပတ်သက်သူများသည် အမျိုးမျိုးသော အကြောင်း ရင်းခံများအား ကိုင်တွယ်လုပ်ဆောင်ရာ၌ လုံးလုံးလျားလျားချဉ်းကပ်ခြင်းကို လက်ခံကျင့်သုံးရမည်။ ထို့အတွက်ကြောင့် ကလေးအလုပ်သမားအရေးကို သက်ဆိုင်ရာဆောင်ရွက်သူများ (အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား အဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့အစည်းများ) အားလုံးပါဝင်ပြီး စည်းကမ်းတကျ ဖြေရှင်းတုံ့ပြန်မှုတစ်ခု လိုအပ်သည်။ အမျိုးသားအဆင့် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များ အားလုံးတွင် စိတ်ရောကိုယ်ပါ အားလုံးပါဝင်ပြီး ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရာ၌ အခြေခံလိုအပ်ချက် ဖြစ်သည်။ အထူးသဖြင့် ငွေကြေးပိုင်းဆိုင်ရာ အရင်းအမြစ် ကို ပုံမှန်ကတိကဝတ်ပြုခြင်းနှင့် ခွဲဝေချ ထားမှုဆိုင်ရာ ဆုံးဖြတ်ချက်များ အားလုံးအပြင် ဆင်းရဲနွမ်းပါးမှုနှင့် ပညာရေးပြုပြင်ပြောင်းလဲမှုကိုပါ အာရုံစိုက်ရမည်ဖြစ်သည်။




**လူမှုအဖွဲ့အစည်းများ**သည် ကလေးအလုပ်သမားများကို တွေ့ဆုံရန်အတွက်သော်လည်းကောင်း ကာလလတ်နှင့်ကာလရှည် ထောက်ပံ့မှုမျိုးကဲ့သို့သော အနီးကပ်အကူအညီပေးရေးတို့ အတွက်သော် လည်းကောင်း အရေးပါပြီး လိုက်ဖက်သည့် အခန်းကဏ္ဍတစ်ခုအနေဖြင့် ပါဝင်ပါသည်။ ဒေသခံ ဖြစ်သည့်အားလျော်စွာ လူမှုအဖွဲ့အစည်းနှင့် လူထုအခြေပြုအဖွဲ့အစည်းများသည် ကလေးအလုပ် သမားဖြစ်အောင် လှည့်စားဖြားယောင်းခံရသည့်ကလေးများကို စောင့်ကြည့်လေ့လာရမည် ဖြစ်ပြီး အသိပညာမြှင့်တင်ခြင်း လှုပ်ရှားမှုများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်။

# အလုပ်သမားအဖွဲ့အစည်းများက ကလေးအလုပ်သမားခိုင်းစေခြင်းအား မည်ကဲ့သို့ တိုက်ဖျက်နိုင်မည်နည်း



အလုပ်သမားအဖွဲ့အစည်းများသည် လုပ်ငန်းခွင်တွင်လူ့အခွင့်အရေး၊ အလုပ်သမားအခွင့်အရေးကို တိုးမြှင့်ရန်ကြိုးစားကြသည်။ ၄င်းတို့သည်အလုပ်၌ အခြေခံအခွင့်အရေးနယ်ပယ်လေးခု ဖြစ်သော- အလုပ်သမားအဖွဲ့အစည်းအခွင့်အရေး၊ အဓမ္မခိုင်းစေခံရသောအလုပ်သမားများ၊ ကလေးအလုပ်သမားများလွတ်လပ်ခွင့်နှင့် ခွဲခြားဆက်ဆံခြင်းစသည်တို့ကို နှစ်ဦးနှစ်ဖက်အပြန် အလှန်ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီနှင့် ဖြစ်နေသည်ကို တွေ့မြင်ကြသည်။ အလုပ်သမား အဖွဲ့အစည်းများသည် ကလေးအလုပ်သမားအရေး တိုက်ဖျက်ရန်မကြာခဏဆိုသလို လုပ်ငန်းခွင်များတွင် စောင့်ကြည့် လေ့လာခြင်း၊ အလုပ်ရှင်နှင့်ဆွေးနွေးညှိနှိုင်းခြင်း၊ ဘေးအန္တရာယ်ရှိသည့် လုပ်ငန်း ခွင်-စာရင်းကို ဖြန့်ဝေခြင်းနှင့် တိုးတက်အောင်လုပ်ဆောင်ခြင်း၊ အမျိုးသားလှုပ်ရှားမှုအစီအစဉ် များကို အကောင် အထည်ဖော်ဆောင်ရွက်ခြင်းနှင့် အရေးကိစ္စများအပေါ် အသိပညာ မြှင့်တင်ခြင်းများတွင် တက်တက် ကြွကြွလုပ်ဆောင် ကြသည်။

# ကလေးအလုပ်သမားအသုံးပြုခြင်းအားတိုက်ဖျက်ချေမှုန်းရန် အလုပ်ရှင်အဖွဲ့အစည်းများ အတွက် အကြောင်းပြချက် ၃ ချက်




## ၁။ ၎င်းသည်ဥပဒေနှင့် ဆန့်ကျင်နေ သည်။

ပထမအကြောင်းပြချက်မှ ၎င်းအကြောင်းအရာသည် ဥပဒေပြင်ပတွင်လုပ်ဆောင်ရန်အလို့ငှာ အလုပ်ရှင်အဖွဲ့အစည်းများ အနေဖြင့် အဖွဲ့ဝင်များကိုတွန်းအားမပေးပဲ ဥပဒေနှင့်ဆန့်ကျင်နေသည် ဖြစ်သည့် အတွက် ကလေးအလုပ်သမားခိုင်းစေမှုကို ရပ်တန့်ရန်ဖြစ်သည်။

## ၂။ နိုင်ငံတကာဈေးကွက် စီးပွားရေး။

နိုင်ငံတကာမှကုန်ပစ္စည်းဝယ်ယူသူများနှင့် နာမည်ကြီးကုန်ပစ္စည်းတံဆိပ်များသည် နိုင်ငံတကာ အလုပ်သမား စံချိန်စံညွှန်းများကို လက်ခံကျင့်သုံးရန်ဆန္ဒရှိကြပြီး နာမည်ဆိုးဖြင့်ကျော်ကြားမှုနှင့် အလား အလာရှိသည့် ဝယ်ယူသုံးစွဲခြင်းမပြုလုပ်ရန် ရှောင်ရှားလိုကြသည်။ ကလေးအလုပ်သမား ခိုင်းစေခြင်းသည် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာသို့ကုန်တင်ပို့မှု ကြီးထွားတိုးတတ်ခြင်း နှစ်ရပ်လုံးကို ခြိမ်းခြောက် နေသည့်ကိစ္စ တစ်ရပ်ဖြစ်သည်။

## ၃။ အရွယ်ရောက်သော အလုပ်သမားအင်အား လုပ်နိုင်စွမ်း။

စီးပွားရေးလုပ်ငန်းများအထူးသဖြင့်ပုံမှန်မဟုတ်သောလုပ်ငန်းများတွင် မကြာခဏဆိုသလို ၎င်းတို့၏ အမြတ်အစွန်းတိုးမြှင့်မည်ဟုစဉ်းစားကာ ကလေးများကိုငှားရမ်းခိုင်းစေကြသည်။ ကလေးအလုပ်သမား ခိုင်းစေခြင်းသည် ကျွမ်းကျင်ပြီးသားဖြစ်သော အရွယ်ရောက်အလုပ်သမားများ၏ လုပ်သားအင်အားကို အဟန့်အတား ဖြစ်စေသောကြောင့် အချိန်ကာလကြာရှည်စွာ စီးပွားရေးလုပ်ငန်း အောင်မြင်မှုဂုဏ်သတင်းကို နိမ့်ကျစေသည်။

# ကောင်းမွန်သော အပြည်ပြည်ဆိုင်ရာကျင့်သုံးမှုများ



## ဖိလစ်ပိုင်နိုင်ငံ၏ပဏာမခြေလှမ်း

ဖိလစ်ပိုင်အစိုးရအနေဖြင့်ဒေသအဆင့်တွင် ကလေးလုပ်သားကင်းစင်သော ရပ်ရွာလူထုအဖြစ် ဖန်တီးခဲ့ပြီး နိုင်ငံ၏ ဘေးအန္တရာယ်ရှိသော လုပ်ငန်းခွင်စာရင်းကို ပြုပြင်မွမ်းမံခဲ့ပြီး ကလေးအလုပ်သမား အများဆုံးအသုံးပြုသော ကဏ္ဍဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်နေရသော ကလေးအလုပ်သမားများအတွက် သုတေသနများကိုလည်း ဆောင်ရွက်ခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံ၏ သမ္မတသည် လက်နက်ကိုင်ပဋိပက္ခများတွင် ကလေးများ၏အခွင့်အရေးများအား စိုးရိမ်ဖွယ်ချိုးဖောက်နေခြင်းမှ ကာကွယ်ရန် ကလေးများအတွက် သင့်တော်ကောင်းမွန်သော စောင့်ကြည့်လေ့လာခြင်းစနစ်အား ဖန်တီးခဲ့သည်။

## ဘရာဇီးနိုင်ငံ၏ဥပမာ

ဘရာဇီးနိုင်ငံအစိုးရသည် နိုင်ငံ့လူဦးရေ၏အဆင်းရဲဆုံးသော ရပ်ကွက်အားပစ်မှတ်ထားသော မိသားစု ချေးငွေ အစီအစဉ်အား ၂၀၀၃ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ဘရာဇီး နိုင်ငံသည် မူလတန်းနှင့် အလယ်တန်းအဆင့်ပညာရေးစနစ်တွင် များပြားစွာရင်းနှီးမြှုပ်နှံခဲ့ပြီး ဈေးကွက်၏ လိုအပ်ချက်များနှင့် ကိုက်ညီသည့် ဆန်းသစ်သောအသက်မွေးဝမ်းကြောင်း အစီအစဉ် သင်တန်းများကို ဖွံ့ဖြိုးအောင်လုပ်ဆောင်ခဲ့သည်။ ထိုသို့သော သိသာသည့်မူဝါဒများကြောင့် ကလေး အလုပ်သမား ၄၀ ရာခိုင်နှုန်း အထိ လျော့ကျသွားခဲ့သည်။

ကလေးသူငယ်တွေကို အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ရဲ့ ပြဋ္ဌာန်းချက် အမှတ်-၁၈၂ ကို လက်ခံကျင့်သုံးခဲ့ပြီး မြန်မာနိုင်ငံမှာ ကလေးအလုပ်သမားပပျောက် ရေးလုပ်ငန်းအစီအစဉ် (Myanmar Programme on the Elimination of Child Labour) ကိုလည်း ILO နဲ့ပူးပေါင်း ဆောင်ရွက်လျက်ရှိပါတယ်။

**သမ္မတဦးထင်ကျော်**

*၁ရက် မေလ ၂၀၁၆၊ အလုပ်သမားနေ့၊ ရန်ကုန်*

ကျွန်ုပ်တို့ကလေးများ၏ အနာဂတ်လုံခြုံစိတ်ချနိုင်ရန် ကလေးလုပ်သားခိုင်းစေခြင်းကို အဆုံးသတ်ခြင်းဖြင့် စတင်လုပ်ဆောင်ကြပါစို့။

**ဒေါ်အောင်ဆန်းစုကြည်**

*၉ရက် ဇွန်လ ၂၀၁၄၊ ILO မှတွေ့ဆုံမေးမြန်းခြင်း၊ နေပြည်တော်*

ကလေးလုပ်သားဆိုင်ရာအချက်အလက်များနှင့် ပတ်သက်ပြီးပိုမိုသိရှိလိုပါက ကျေးဇူးပြု၍ အိုင်အယ်လ်အို၏အပြည် ပြည်ဆိုင်ရာ ကလေးလုပ်သားပပျောက်ရေး အစီအစဉ်၏ ဝက်ဆိုက်ဒ်ဖြစ်သော www.ilo.org/ipec တွင် ဝင်ရောက် ကြည့်ရှု နိုင်ပါသည်။


အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ မြန်မာနိုင်ငံ
ဖုန်း ၉၅ ၁ ၂၃၃၆ ၅၃၈၊ ၂၃၃၆ ၅၃၉၊ ၅၇၈၉၂၅၊ ၅၇၉၉၅၆
အီးမေး - yangon@ilo.org

နှစ်စဉ်နှစ်တိုင်း ဇွန်လ ၁၂ ရက်နေ့တွင်

# ကမ္ဘာကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ကို

ကျွန်ုပ်တို့နှင့် အတူတကွဆင်နွှဲကြပါစို့။

